ETHNIC ARMED ORGANIZATIONS CONFERENCE
LAIZA

# **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ဘုံသဘောထား ရပ်တည်ချက်များ**

၂ ရက်၊ နိုဝင်ဘာလ၊ ၂၀၁၃ ခုနှစ်။

နိဒါန်း

## **၁။ အခြေခံမူများ။**

၁-၁။ ငြိမ်းချမ်းရေးအတွက် သန္နိဋ္ဌာန်ချခြင်း။

၁-၂။ ပင်လုံသဘောတူညီချက်ကို အသိအမှတ်ပြုခြင်း။

၁-၃။ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်။

၁-၄။ ပြည်ထောင်စု တပ်မတော် ဖွဲ့စည်းခြင်း။

၁-၅။ တိုင်းရင်းသားလူမျိုးများ၏ အခြေခံအခွင့်အရေးများကို ကာကွယ်ခြင်း။

၁-၆။ တန်းတူညီမျှမှု။

၁-၇။ အားလုံးပါဝင်ရေး။

၁-၈။ သဘောတူညီမှု ရယူခြင်း။

၁-၉။ ပူးပေါင်းဆောင်ရွက်မှု။

၁-၁၀။ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု။

## **၂။ ရည်ရွယ်ချက်များ။**

၂-၁။ အပြန်အလှန်ယုံကြည်မှုတည်ဆောက်နိုင်ရန်။

၂-၂။ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ခြင်းများနှင့် ရန်လိုမှုများရပ်စဲရန်။

၂-၃။ အားလုံးသဘောတူညီထားသည့် အပစ်ခတ်ရပ်စဲရေးဆိုင်ရာစည်းကမ်းများကို လေးစားလိုက်နာနိုင်ရန်။

၂-၄။ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြား ချုပ်ဆိုထားသော သဘောတူညီချက်နှင့် ကတိကဝတ်များကို ထပ်လောင်းအတည်ပြုထိန်းသိမ်းပြီး တည်တံ့ခိုင်မြဲ၍ တရားမျှတသည့် ငြိမ်းချမ်းရေးသို့ ဦးတည်သည့် နိုင်ငံရေး ဆွေးနွေးပွဲလုပ်ငန်းစဉ်ကို စတင်ကျင်းပသွားနိုင်ရန်။

၂-၅။ အဓိပ္ပါယ်ပြည့်ဝသော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများမှသည် အမျိုးသားပြည်နယ်များကို အခြေခံသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန်။

**<u>၃။ နှစ်ဖက်လက်ခံနိုင်သော နိုင်ငံရေးလမ်းပြမြေပုံချမှတ်ခြင်း။</u>**

၃-၁။ အားလုံးပါဝင်သော "အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးဆိုင်ရာမူဘောင်" (The Framework for National Political Dialogue) သဘောတူညီမှု ရယူခြင်း။

၃-၂။ တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ဆိုင်ရာသဘောတူညီချက် လက်မှတ်ရေထိုးခြင်း။

၃-၃။ အမျိုးသားအဆင့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခြင်း။

၃-၄။ ပင်လုံစိတ်ဓါတ်၊ ပင်လုံမူကို အခြေခံသော ပြည်ထောင်စုညီလာခံကျင်းပပြီး "တိုင်းရင်းသားလူမျိုးများဆိုင်ရာ ပြည်ထောင်စု သဘောတူညီချက် (Pyidaungsu Accord)" ကို လက်မှတ်ရေးထိုးခြင်း။

၃-၅။ "တိုင်းရင်းသားလူမျိုးများဆိုင်ရာ ပြည်ထောင်စု သဘောတူညီချက် (Pyidaungsu Accord)" ကို အတည်ပြုခြင်း။ (Ratification)

၃-၆။ "တိုင်းရင်းသားလူမျိုးများဆိုင်ရာ ပြည်ထောင်စု သဘောတူညီချက် (Pyidaungsu Accord)" ပါ အချက်များကို အကောင်အထည်ဖော်ခြင်း။

**<u>၄။ တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးတွင် အဓိက ပါဝင်ရမည့်အချက်များ။</u>**

၄-၁။ တပ်ပိုင်းဆိုင်ရာကိစ္စ။

၄-၂။ ဆက်ဆံရေးရုံးများ ကိစ္စ။

၄-၃။ နိုင်ငံရေး ဆွေးနွေးပွဲများကျင်းပရန် ကတိပြုခြင်း။

၄-၄။ နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲ မူဘောင်ရေးဆွဲခြင်းနှင့် အတည်ပြုခြင်း။

၄-၅။ အရပ်သားများအား အကာအကွယ်ပေးခြင်း။

၄-၆။ စစ်ဖက်ဆိုင်ရာကျင့်ဝတ်များ သဘောတူညီခြင်း။

**၅။ အကောင်အထည်ဖော်ခြင်း။**

၅-၁။ ပူးတွဲစောင့်ကြည့်ရေးစနစ် လက်တွေ့သတ်မှတ်အကောင်အထည်ဖော်ခြင်း။

၅-၂။ နိုင်ငံရေးဆွေးနွေးပွဲများ ဆက်လက်အကောင်အထည် ဖော်သွားမည့် ပူးတွဲကော်မတီ ဖွဲ့စည်းခြင်း။

၅-၃။ လွတ်လပ်သော လူ့အခွင့်အရေး စောင့်ကြည့်ရေးကော်မတီ။

၅-၄။ အချိန်ကာလသတ်မှတ်အကောင်အထည်ဖော်ခြင်း။

**၆။ ယုံကြည်မှု တည်ဆောက်ရေးနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ရမည့် အချက်များ။**

၆-၁။ စိတ်ရင်းစေတနာမှန်ဖြင့် ကြိုးစားလုပ်ဆောင်ရမည်။

၆-၂။ လွတ်လပ်စွာ သွားလာခွင့်။

**၇။ မတရားအသင်းအဖြစ်မှ ပယ်ဖျက်ပေးရေးနှင့် ဆက်စပ်အကြောင်းအရာများ။**

**၈။ ဆွေးနွေးရေး ကာလအစီအစဉ်များ။**

၈-၁။ အုပ်ချုပ်ရေးဆိုင်ရာ အာဏာခွဲဝေခြင်း၊ ကျင့်သုံးခြင်း။

၈-၂။ စီးပွားရေးဆိုင်ရာ အာဏာခွဲဝေခြင်း၊ ကျင့်သုံးခြင်း။

၈-၃။ ဥပဒေပြုပြင်ရေးဆိုင်ရာ ကိစ္စရပ်များ။

၈-၄။ ယဉ်ကျေးမှုနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ။

၈-၅။ မြေယာပြုပြင်ရေးဆိုင်ရာ ကိစ္စရပ်များ။

၈-၆။ သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ။

၈-၇။ နယ်စပ်ရေးရာကိစ္စရပ်များ။ (Border Territorial, Immigration, Trade Issues)

၈-၈။ အကြီးစား စီးပွားရေးရင်းနှီးမြှုပ်နှံမှု ဆိုင်ရာကိစ္စရပ်များ။ (Mega Economic Projects)

**၉။ လက်မှတ်ရေးထိုးခြင်း။**

**၁၀။ အတည်ပြုခြင်း။**

**၁၁။ အထွေထွေ။**